# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 24 , 2022 — Volume 60, Number 16


| ၂၄.၁၁.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၅၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၇၅၀၀၀ |
| ဒေါ်လာဈေး | = ၂၉၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၈.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၄၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၂၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၃၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၇.၃၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၇၀၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မုံရွာမြို့တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်း/ဈေးကွက် အခြေအနေ

မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန် သီးနှံများထဲမှ ပဲကြီးဈေးငြိမ်၍ ပဲစင်းငုံ ၊ ပဲတီစိမ်းကြီး/သေး၊ CP ပြောင်းဈေးနှုန်းများ အနည်းငယ်မြင့်တက်လာပြီး မတ်ပဲ ၊ ကုလားပဲ (မျိုးစုံ) ဈေးနှုန်းများ ပြန်လည် ကျဆင်းသွားသည်။ ယခုတစ်ပတ်အတွင်း ပဲစင်းငုံတစ်တင်းပေါက်ဈေးနှုန်းမှာ (၆၀၀၀၀) ကျပ်၊ မတ်ပဲတစ်တင်း (၅၆၀၀၀)ကျပ်နှင့် ပဲတီစိမ်းတစ်တင်း (ကြီး) (၄၃၀၀၀-၄၆၀၀၀)ကျပ်၊ ပဲတီစိမ်း (သေး)တစ်တင်း (၃၈၀၀၀-၄၀၅၀၀) ကျပ် ပေါက်ဈေးရှိပါသည်။ ယခင်တစ်ပတ်အတွင်း ကာလတူပေါက်ဈေးနှုန်းမှာ ပဲစင်းငုံ တစ်တင်းလျှင် (၅၅၀၀၀)ကျပ်၊ မတ်ပဲတစ်တင်းလျှင် (၅၈၀၀၀)ကျပ်နှင့် ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၄၀၀၀၀- ၄၃၅၀၀)ကျပ်၊ ပဲတီစိမ်း (သေး) တစ်တင်းလျှင် (၃၉၀၀၀-၄၁၀၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခင်တစ်ပတ်အတွင်း ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပဲစင်းငုံ တစ်တင်းလျှင် (၅၀၀၀)ကျပ်၊ ပဲတီစိမ်း (ကြီး) တစ်တင်းလျှင် (၂၅၀၀) ကျပ်နှင့် ပဲတီစိမ်း (သေး) တစ်တင်းလျှင် (၅၀၀)ကျပ်မြင့်တက်ပြီး၊ မတ်ပဲ တစ်တင်းလျှင် (၂၀၀၀)ကျပ် ကျဆင်းသွားကြောင်းသိရသည်။ ပဲကြီးတစ်တင်းလျှင် (၇၈၀၀၀-၇၉၀၀၀)ကျပ်ရှိပြီး ယခင်ပတ်ကာလတူပေါက်ဈေးနှုန်းမှာ ပဲကြီး တစ်တင်း လျှင် (၇၈၀၀၀-၇၉၀၀၀) ကျပ် ပေါက်ဈေးရှိ၍ ယခုပတ်အတွင်း ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးငြိမ်နေကြောင်းသိရသည်။

ကုလားပဲ (မျိုးစုံ)တွင် ကုဖြူလုံးကြီး တစ်တင်းလျှင် (၆၃၅၀၀)ကျပ်၊ ကုဖြူ လုံးသေး (၆၃၅၀၀) ကျပ်၊ 929 (၅၈၇၀၀)ကျပ် ပေါက်ဈေးရှိပြီး ယခင်ပတ်ကာလတူ ပေါက်ဈေးနှုန်းများမှာ ကုဖြူလုံးကြီး တစ်တင်းလျှင် (၆၅၀၀၀)ကျပ်၊ ကုဖြူလုံးသေး (၆၅၀၀၀) ကျပ်၊ 929 (၆၀၀၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခင်တစ်ပတ်ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ကုလားပဲ (မျိုးစုံ)ဈေးနှုန်းများ ယခုတစ်ပတ်တွင် ဈေးအနည်းငယ် ကျဆင်းလာကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် (၁၉၅၀၀)ကျပ် ပေါက်ဈေးရှိသည်။

ယခင်တစ်ပတ်ကာလတူ ပေါက်ဈေးနှုန်းမှာ ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် (၁၉၂၀၀) ကျပ်ရှိ၍ ယခုတစ်ပတ်ပေါက်ဈေးနှင့်နှိုင်းယှဉ်ပါက ပြောင်းဖူးစေ့(CP) အနည်းငယ် မြင့်တက်လာပါသည်။ ဈေးမြင့်တက်လာရခြင်းမှာ ဒေသတွင်းမွေးမြူရေး လုပ်ငန်းများမှ အဝယ်လိုက်လာခြင်းကြောင့် မြင့်တက်လာရခြင်းဖြစ်ပါသည်။


**Source: ဧယျာကုန်သွယ်မှုဇဟိုဌာန**

## မြေပဲလုံးဆန်များ ဈေးမြင့်တက်

မကွေးတိုင်းဒေသကြီး၊ မကွေးကုန်စည်ဒိုင်တွင် မြေပဲအသစ်များ ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ မြေပဲအသစ်များ ဝင်ရောက်လာသော်လည်း ဝင်ရောက်သလောက် အရောင်းအဝယ်ဖြစ်နေကာ မြေပဲတောင့်ဈေးများ အရည်အသွေးပေါ်မူတည်၍ ဈေးကောင်းရရှိသလို မြေပဲဆန်ဈေးများလည်း ဈေးမြင့်တက်လျှက်ရှိပါသည်။ မြေပဲလုံးဆန်ဈေးများ ကာလတူနှိုင်းယှဉ်ပါက မြေပဲလုံးဆန်နီ (၁)ပိဿာလျှင် ယခင်တစ်ပတ် (၅၂၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၆၁၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၉၀၀)ကျပ်၊ မြေပဲလုံးဆန်ဖြူ (၁)ပိဿာလျှင် ယခင်တစ်ပတ် (၅၁၅၀)ကျပ်၊ ယခုတစ်ပတ်တွင် (၅၃၀၀)ကျပ်ဈေး ဖြစ်သည့်အတွက် (၁၅၀)ကျပ်၊ မြေပဲဆန်ပင်ပြန့်ဝိုင်းချ (၁)ပိဿာလျှင် ယခင်တစ်ပတ် (၄၈၅၀)ကျပ်၊ ယခုတစ်ပတ်တွင် (၅၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၁၅၀)ကျပ်၊ မြေပဲဆန် (အောက်ကျ) (၁)ပိဿာလျှင် ယခင်တစ်ပတ် (၄၁၀၀)ကျပ်၊ ယခုတစ်ပတ်တွင် (၄၃၅၀)ကျပ်ဈေးဖြစ်သည့်အတွက်(၂၅၀)ကျပ်တို့ အသီးသီးဈေး တက်လာတဲ့အတွက် တောင်သူတွေ ဈေးကောင်းရရှိသော်လည်း မြေပဲအထွက်နှုန်းအနေဖြင့် မြေဆီသြဇာဈေး၊ ပိုးသတ်ဆေးများ မသုံးနိုင်သဖြင့် အထွက်နှုန်းအနေဖြင့် အသင့်အတင့်သာရရှိ၍ တွက်ချေကိုက်မှုမရှိကြောင်း သိရှိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် 'လျှပ်စစ်ကားများမှအပ'အစား 'ဘက်ထရီလျှပ်စစ်ကားများမှအပ'ဟု ပြင်ဆင်



https://news-eleven.com/article/240839

၂၀၂၂ ခုနှစ် ပြည်ထောင်စု၏အခွန် အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် 'လျှပ်စစ်ကားများမှအပ'အစား 'ဘက်ထရီလျှပ်စစ်ကားများမှအပ'ဟု ပြင်ဆင်ကြောင်း ထုတ်ပြန်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၈/၂၀၂၂)ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်စွဲဖြင့် ပြဋ္ဌာန်းလိုက်သည်။ ယင်းဥပဒေကို ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေမည်ဖြစ်သည်။

ယင်းဥပဒေ၏ ပုဒ်မ ၃ နှင့်ပုဒ်မ ၄ပါ ကိစ္စရပ်များသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ အကျိုးသက်ရောက်စေရမည်။ ယင်းဥပဒေ၏ ပုဒ်မ ၅ ပါ ကိစ္စရပ်သည် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ အကျိုးသက်ရောက်စေမည်ဖြစ်သည်။ ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) အထူးကုန်စည်ခွန် ကျသင့်စေသည့်ဇယားအမှတ်စဉ် ၁၂(က)၊ (ခ)နှင့် (ဂ)တို့တွင်ပါရှိသော "လျှပ်စစ်ကားများမှအပ"ဆိုသည့် စကားရပ်ကို "ဘက်ထရီလျှပ်စစ်ကား Batery Elecetric Vehicle(BEV) များမှအပ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေသည့် ကုန်စည်များ ဇယား၏အမှတ်စဉ် ၄၅ နောက်၌ အမှတ်စဉ် ၄၆ ကိုလည်း ကုန်စည်အမျိုးအမည်အဖြစ် ဘက်ထရီလျှပ်စစ်ကား Batery Elecetric Vehicle(BEV) နှင့် ယင်း၏ဘက်ထရီဟု ဖြည့်စွက်ရမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၃ ၏ နောက်၌ ပုဒ်မ- ၂၃-ကအဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်ဟုလည်း သိရသည်။ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)တွင် မည်သို့ပင်ပါရှိစေကာမူ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ပုဂ္ဂိုလ်စုဖြစ်ပါက ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုဘဲ စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်ဟု သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ယင်းဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ နိုဝင်ဘာ ၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် ၉၀/ ၂၀၂၂ အရ ပြည်ပမှတင်သွင်းသည့် လျှပ်စစ်သုံးယာဉ် (BEV) အမျိုးအစားများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း-၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်သည်။

**Source:** https://news-eleven.com/article/240839

## ၂၀၂၃ ပဲရာသီတွင် ဥရောပသမဂ္ဂနိုင်ငံများသို့ မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့နိုင်ရန် စတင်ဆောင်ရွက်လျက်ရှိ

၂၀၂၃ ပဲရာသီတွင် ဥရောပသမဂ္ဂနိုင်ငံများသို့ မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့နိုင်ရန် စတင်ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာပဲတီစိမ်းများ တင်ပို့နိုင်ရေးကို ပုံမှန်ဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် မြန်မာ့ပဲများတင်ပို့နိုင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အား အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ဈေးကွက်သို့ တရားဝင် ထိုးဖောက်နိုင်သည့် ထုတ်ကုန်ဖြစ်ရန်နှင့် ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာ့ပဲများတင်ပို့နိုင်ရေးကို ၂၀၁၄ ခုနှစ်မှစတင်ပြီး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ဥရောပသမဂ္ဂနိုင်ငံများသို့ အိမ်နီးချင်းနိုင်ငံများမှ ပဲများတင်ပို့ခဲ့သော်လည်း မြန်မာ့ပဲများကိုသာ ကြိုက်နှစ်သက်သည်ကို သိရှိခဲ့ရကြောင်း၊ ဥရောပသမဂ္ဂနိုင်ငံများ၏ အစားအစာ ဘေးကင်း လုံခြုံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးရန် ကမ်းလှမ်းလာချက်များအတိုင်း မြန်မာနိုင်ငံဘက်က စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန် စိုက်ပျိုးသည့် တောင်သူအပိုင်း၊ စုဆောင်းသူ အဝယ်တော်အပိုင်းနှင့် လုပ်ငန်းစဉ်ဆောင်ရွက်သည့် စက်ရုံအပိုင်းများကို ဆောင်ရွက်ပေးခဲ့ရကြောင်း၊ စိုက်ပျိုးသည့်တောင်သူအပိုင်းတွင် ကောင်းမွန်သော စိုက်ပျိုးရေးစနစ်များဖြင့် စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများအား ကြိုတင်အသိပညာပေးဆောင်ရွက်ရန်၊ စုဆောင်းသူ အဝယ်တော်ပိုင်းတွင်လည်း သိုလှောင်မှု၊ ပို့ဆောင်မှုများအား မှတ်တမ်းထားရှိဆောင်ရွက်ရန်၊ လုပ်ငန်းစဉ်ဆောင်ရွက်သည့် စက်ရုံပိုင်းတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် အလေ့အကျင့်နှင့်ညီအောင် တာဝန်ရှိသူများက စိစစ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယခုနှစ်တွင် အဆိုပြုထားရှိသည့် ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ တင်ပို့သည့် အရေအတွက်နည်းသော်လည်း အာမခံချက်ရှိသော ဈေးကွက်သို့ တင်ပို့နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း မြန်မာပဲများတင်ပို့နိုင်ရေး လုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ပဲမျိုးစုံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံစသည့် ပဲအမျိုးအစားသုံးခုကို ပြည်ပသို့ အများဆုံးတင်ပို့နေခြင်းဖြစ်သည်။ ယင်းအနက် မတ်ပဲနှင့်ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကို တရုတ်နှင့်ဥရောပနိုင်ငံတချို့သို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲမျိုးစုံ စိုက်ဧက ၁၁ သန်းကျော်ရှိပြီး မတ်ပဲနှင့်ပဲစင်းငုံစိုက်ပျိုးမှု ၃၅ ရာခိုင်နှုန်းကျော်ရှိသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပင်လယ်ရေကြောင်းနှင့်နယ်စပ်မှတဆင့် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ ဒေါ်လာသန်း ၁၅၇၀ ကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကထက် ဒေါ်လာ ၃၇၄ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း သိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ဒေါ်လာ ၉၆၆ဒသမ ၄၀၇ သန်း၊ နယ်စပ်မှ ဒေါ်လာ ၆၀၄ ဒသမ ၃၀၀ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၁၅၇၀ ဒသမ ၇၀၇ သန်းရရှိခဲ့သည်။ **Source:** https://news-eleven.com/article/240840

## ထိုင်းဈေးကွက်တွင် အဝယ်လိုက်နေသည့် မြန်မာ့ကြက်သွန်နီ



မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ထွက်ရှိသည့် ကြက်သွန်နီများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်သည့်အတွက် ပြည်တွင်းဈေးကွက်တွင်သာမက အိမ်နီးချင်းနိုင်ငံများမှာလည်း ကြိုက်နှစ်သက်ကြပါသည်။ စားဖိုဆောင်သီးနှံဖြစ်သည်နှင့်အညီ အိမ်တွင်းစားသုံးရန်အတွက်သာမက စားသောက်ဆိုင်များ၊ စားသောက်ကုန်လုပ်ငန်းများတွင်ပါ မရှိမဖြစ်လိုအပ်သည့်အမယ်ဖြစ်ပါသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ကြက်သွန်နီကို ကြိုက်နှစ်သက်သည့်နိုင်ငံများအနက် ထိုင်းနိုင်ငံသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်သည်နှင့်အညီ ကြက်သွန်နီလိုအပ်ချက်မှာလည်း မြင့်မားနေကြောင်းသိရှိရသည်။

တနင်္သာရီတိုင်းဒေသကြီး၊ မော်တောင်နယ်စပ်ကုန်သွယ်ရေးမှ ထိုင်းနိုင်ငံသို့ အပတ်စဉ် မြန်မာ့ကြက်သွန်နီ တန် (၅၀) မှ တန် (၁၀၀) အကြားတင်ပို့နေရပြီး၊ လက်ရှိပေါက်ဈေးအနေဖြင့် (၁) တန်လျှင် 20-30 mm အတွက် (၃၉၈၈၅) ဘတ်နှင့် 25-35 mm အတွက် (၄၄၀၃၆) ဘတ် ပေါက်ဈေးရှိကြောင်းသိရှိရပါသည်။

ကြက်သွန်နီကို မော်တောင်ကုန်သွယ်ရေးစခန်းအပြင် မြဝတီကုန်သွယ်ရေးဇုန်မှလည်း ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိရာ ယခု ကြက်သွန်နီအသစ်များ ထွက်ပေါ်လာသည့် ကာလဖြစ်သည့်အတွက် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် တန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရပါသည်။

မြန်မာနိုင်ငံရှိ ကြက်သွန်နီစိုက်ပျိုးသည့် တောင်သူများအနေဖြင့် ဈေးကွက်လိုအပ်ချက် မြင့်မားနေသည့် ကြက်သွန်နီအား ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပါသည်။ ပို့ကုန်တင်ပို့သည့် ကုမ္ပဏီများအနေဖြင့်လည်း ရရှိလာသည့်ပို့ကုန်ဝင်ငွေများအား ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သည့်သတင်းလွှာ ၁၀/၂၀၂၂ ပါအတိုင်း သွင်းကုန်တင်သွင်းလိုသည့် ကုမ္ပဏီများထံသို့ ပို့ကုန်ရငွေလွှဲပြောင်းသုံးစွဲနိုင်မည်ဖြစ်၍ ပိုမိုတင်ပို့သင့်ပါကြောင်း သိရှိရပါသည်။

**Source:**https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E1%80%91%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%B8%E1%80%88%

## တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်း အမှတ်တံဆိပ်ဆိုင်ရာ အက်ဥပဒေမူကြမ်းကို အတည်ပြုချမှတ်ခြင်း

ဂျာမန်အစိုးရအဖွဲ့အစည်းအဝေးက ဂျာမန်စားသုံးသူများအနေဖြင့် မွေးမြူထုတ်လုပ်ထားသောအသားများ ဝယ်ယူစားသုံးရာတွင် တိရစ္ဆာန်များကို မွေးမြူထားရှိပုံ နည်းလမ်းများကို သိရှိနိုင်စေရန်ရည်ရွယ်၍ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်း အမှတ်တံဆိပ်ဆိုင်ရာ (Animal Husbandry Labelling) အက်ဥပဒေမူကြမ်းကို ၂၀၂၂ခုနှစ် အောက်တိုဘာလအတွင်းက အတည်ပြုချမှတ်ပေးခဲ့ပါသည်။

ဖက်ဒရယ်အစားအစာနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန (Federal Ministry of Food and Agriculture-BMEL)သည် ဂျာမနီနိုင်ငံတွင် မူလအခြေစိုက်မွေးမြူထုတ်လုပ်သော အသားထုတ်ကုန် အစားအစာများအတွက် ပွင့်လင်းမြင်သာမှုရှိပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် တိရစ္ဆာန်မွေးမြူ ထုတ်လုပ်ခြင်းအမှတ်တံဆိပ်စနစ် ဖြစ်ပေါ်လာစေရန် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ဆက်လက်၍ အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် အခြားပြင်ပနိုင်ငံများမှ တင်သွင်းလာသည့် အသားထုတ်ကုန်များတွင်လည်း အဆိုပါအမှတ်တံဆိပ်စနစ်များကို ၎င်းတို့ဆန္ဒအလျောက် (voluntary option ) အနေဖြင့် ကျင့်သုံး လာစေရန် အက်ဥပဒေမူကြမ်းချမှတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်မကုန်မီတွင် ဥပဒေပြုရေးလုပ်ငန်းအစီအစဉ်များကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ပထမအဆင့်အနေဖြင့် ဝက်သားလတ်ဆတ်နှင့်အေးခဲလက်လီ၊ လက်ကား စားသောက်ကုန်လုပ်ငန်းများ၊ ဝန်ဆောင်မှုကောင်တာများ၊ အထူးအရောင်းဆိုင်များ၊ အွန်လိုင်းရောင်းချမှုများတွင် အမှတ်တံဆိပ်စနစ်ကို စတင်မည်ဖြစ်ပြီး ဆက်လက်၍ အခြားအသားအမျိုးအစားများနှင့်ထုတ်ကုန်များ၊ စားသောက်ဆိုင်များ၊ စားသောက်ကုန်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပြုပြင်ထုတ်လုပ်လုပ်ငန်းများအတွက် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စားသုံးသူများအနေဖြင့် ထုတ်ကုန်များရှိ labelling ကို ကြည့်ရှု၍ တိရစ္ဆာန်များကို အသားတိုးဆောင်ရွက်နေသည့် ကာလအတွင်း မွေးမြူထားသိုပုံကို နားလည်သိရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ ထို့ပြင် labeling သည် မွေးမြူရေး ကာလအတွင်း အဆင့် (၅)ဆင့်ဖြစ်သည့် အိမ်ခြံတွင်းမွေးမြူခြင်း (Indoor housing)၊ အိမ်ခြံတွင်းနှင့်ပြင်ပ စားကျက်များတွင်မွေးမြူခြင်း (indoor+space)၊ အိမ်ခြံတွင်းတွင် ပြင်ပလေရရှိသည့်အခြေအနေ၌ မွေးမြူခြင်း(indoor with fresh air)၊ ပြင်ပစားကျက်နေရာများတွင် ထားရှိ ထိန်းကျောင်းခြင်း(outdoor runs/free-range)နှင့် အော်ဂဲနစ်မွေးမြူရေး(organic) အဆင့်များတို့တွင် သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိကိုလည်း သေချာစွာခွဲခြားနားလည်စေရန် ဆောင်ရွက်ထားရှိပါသည်။

အဆိုပါ labelling စနစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးလယ်သမားများအနေဖြင့် တိရစ္ဆာန်များမွေးမြူထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်အတွက် ရန်ပုံငွေအထောက်အပံ့ ရရှိနိုင်မည်ဖြစ်ပါသည်။ အစားအစာနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန (BMEL) က တိရစ္ဆာန်များ မွေးမြူရေးလုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်ရေး၊ ပတ်ဝန်းကျင်ပြောင်းလဲမှု ကာကွယ်ရေးနှင့်ရာသီဥတုပြောင်းလဲမှုဒဏ် လျော့ကျရေးဆိုင်ရာများ ဆောင်ရွက်နေသည့် အကူးအပြောင်းကာလအတွင်း လယ်သမားများအတွက် လိုအပ်သည့်ပံ့ပိုးကူညီမှုများ ထောက်ပံ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Source:https://www.bmel.de/EN/topics/animals/animal-welfare/state-run-animal-welfare-label-pigs.html**

https://myantrade.gov.mm/article/%E1%80%90%E1%80%AD%E1%80%9B%E1%80%85%E1%80%B9%E1%80%86%E1%80%AC%E1%80%94%E1%80%BA%E1%80%99%E1%80%BD%E1%80%B1%E1%80

## မန္တလေးဈေးကွက်အတွင်း မြို့နယ်အသီးသီးမှ ဝင်ရောက်လာသည့် တရုတ်စံကားပွင့်ခြောက်များ ဈေးကောင်းရရှိနေ

မန္တလေးဈေးကွက်အတွင်း၌ မြို့နယ်အသီးသီးမှ ဝင်ရောက်လာသည့် တရုတ်စံကားပွင့်ခြောက်များ ဈေးကောင်း ရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍သိရသည်။

အဆိုပါ တရုတ်စံကားပင်များသည် နေရာဒေသမရွေး ပေါက်ရောက်လေ့ရှိပြီး တရုတ်စံကားပွင့်များသည် ယခုနှစ်တွင် ဈေးကွက်အတွင်း၌ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဈေးကွက်၌ တရုတ်စံကားပွင့်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ထိရရှိနေပြီး ၎င်းတရုတ်စံကားပွင့်ခြောက်များကို တရုတ်ဝယ်လက်များက ရှာလောက်ဝယ်ယူမှုများရှိနေကြောင်း သိရသည်။

“တရုတ်စံကားပင်ဟာ ဒေသအနှံ့မှာ အလေ့ကျပေါက်ပင်နဲ့ စိုက်ပျိုးပင်တွေဆိုပြီး ပေါက်ရောက်နေ တာတွေ ရှိပါတယ်။ စစ်ကိုင်းတောင်ရိုးချောင်တွေမှာ တစ်တောင်လုံးဖုံးလွှမ်းနေတာကို တွေ့မြင်ရပါတယ်။ အခုလိုမျိုး ဈေးကွက် ဝင်လာတာကြောင့် လက်လုပ်လက်စား ပြည်သူတွေအတွက် အပိုဝင်ငွေတွေရရှိနေပါတယ်။ တရုတ်စံကားပွင့်တွေကို ငါန်းဇွန် မြို့နယ်ထဲမှာလည်း ဧက ၁၀၀ လောက် စမ်းသပ်စိုက်ပျိုးခဲ့တာ အောင်မြင်ဖြစ်ထွန်းနေတာကို တွေ့ရပါတယ်။ အခုလို အလားအလာကောင်းတဲ့ အပင်တွေကို စနစ်တကျ ဈေးကွက်ဝင်ဖြစ်အောင် ဖော်ဆောင်သင့်ပါတယ်” ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

အဆိုပါ တရုတ်စံကားပင်များသည် ဒေသမရွေး ပေါက်ရောက်လေ့ရှိပြီး ရာသီမရွေးပွင့်လေ့ရှိသည့်အတွက် ဈေးကွက်သို့ အလွယ်တကူရောင်းချနိုင်ကြောင်း၊ တရုတ်စံကားပွင့်ခြောက်များသည် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီးတို့မှ အများဆုံးဝင်ရောက်နေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

# STOCK EXCHANGE (24.11.2022)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 24th Nov. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,000 | 9,100 | 9,000 | 2,260 | 20,450,000 | 33,109,694 | 301,298 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 286 | 958,100 | 38,929,150 | 130,413 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 38 | 292,600 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 200 | 540,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 200 | 1,000,000 | 10,497,598 | 52,488 |

## Market Overview

### Main Board

As of 1:00 pm, 24th Nov. 2022

| MYANPIX | 402.99 ▲ 0.00 |
|---|---|
| Total Volume (shares) | 2,984 |
| Total Value (MMK) | 23 mil |
| Listed Company | 7 |
| Market Cap. (MMK) | 701,054 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |